# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 27, 2024 Volume 82, Number 19


### ၂၇-၉-၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၄.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၀၅ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၄၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၂၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဒီတစ်ပတ် မတ်ပဲဈေးတက်
## (တစ်ပတ်အတွင်း သီးနှံဈေးကွက်သုံးသပ်ချက်)




### မတ်ပဲ

အရင်တစ်ပတ်က ဈေးကျခဲ့တဲ့ မတ်ပဲက အခုတစ်ပတ်မှာတော့ ဈေးနှုန်း ပြန်တက်လာပါတယ်။ နိုင်ငံခြားငွေဈေးကွက် ကျဆင်းသွားပေမယ့် FOB ဈေးနှုန်း တက်လာပြီး ပြည်တွင်းမှာလည်း မတ်ပဲလက်ကျန်နည်းခြင်း၊ ရန်ကုန် အဝယ် ရှိခြင်း ၊ ကုန်စည်ဒိုင်တွေကို မတ်ပဲအဝင်နည်းခြင်း၊ ပို့ကုန်ရငွေ ဖြေလျှော့မှုတွေကြောင့် မတ်ပဲဈေးနှုန်း ပြန်လည်မြင့်တက်တာဖြစ်တယ်လို့သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ(FAQ )တစ်တန်ကိုခုတစ်ပတ် တနင်္လာနေ့က သိန်း ၄၀ ရှိပြီး အင်္ဂါနေ့က မတ်ပဲ (FAQ )တစ်တန်ကို ၃,၉၇၃,၀၀၀၊ ဗုဒ္ဓဟူးနေ့မှာ ၃,၉၆၇,၀၀၀၊ ကြာသပတေးနေ့မှာ ၃,၉၉၀,၀၀၀ ကျပ်နဲ့ သောကြာနေ့ မှာ ၃,၉၇၇,၀၀၀ ကျပ်ရှိပါတယ်။ အရင်တစ်ပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၆,၀၀၀ ကျပ်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်ကို ၃၇၀,၀၀၀ မှ ၃၈၅,၀၀၀ ကျပ်ရှိလို့ အရင်တစ်ပတ်ကထက် ၅၀၀၀ ကျပ် အတက်ပြပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကတော့ အခုတစ်ပတ် ပထမနှစ်ရက်မှာ ဈေးနှုန်းအတက်ပြခဲ့ပေမယ့် နောက်ရက်တွေမှာ ဆက်တိုက်ပြန်ကျဆင်းသွားခဲ့ပါတယ်။

ပဲစင်းငုံကို ပြည်ပတင်ပို့မှုရှိပြီး FOB ဈေးလည်း မကျပေမဲ့ နိုင်ငံခြားငွေဈေးကျဆင်းခြင်း၊ အရောင်းဝယ်အေးတဲ့ အခြေ အနေတွေကြောင့် ဈေးပြန်ကျလာတာပါ။ ပဲလက်ကျန်ကလည်း မရှိသလောက်နည်းတယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီ တစ်တန်ကို တနင်္လာနေ့က ၄,၉၅၀,၀၀၀၊ အင်္ဂါနေ့က ၄,၈၉၅,၀၀၀၊ ဗုဒ္ဓဟူးနေ့မှာ ၄,၈၅၀,၀၀၀ ၊ ကြာသပတေးနေ့မှာ ၄,၈၀၀,၀၀၀ ကျပ်၊ သောကြာနေ့မှာ ၄,၇၉၅,၀၀၀ ကျပ်ရှိပါတယ်။မန္တလေး ဈေးကွက်မှာတော့ အခုတစ်ပတ်မှာ ပဲစင်းငုံနီကို ဈေးဖွင့်ထားခြင်းမရှိတာတွေ့ရပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ရန်ကုန်မှာ အတက်အကျမရှိဘဲ အရင်တစ်ပတ်ကအတိုင်း ဈေးဆက်ငြိမ်နေပြီး မန္တလေးဈေးကွက်မှာ ကျရိပ်ပြပါတယ်။ လက်ကျန်မရှိသလောက် နည်းနေပြီး အရောင်းအဝယ်လည်း အေးနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ)၊ ပဲခူးရွှေဝါ၊ ဝါးခယ်မတို့က တစ်ပိဿာကို ၄၃၃၀ ကနေ ၅၈၅၀ ကြား ပေါက်ဈေးရှိနေပြီး ဈေးငြိမ်နေတာပါ။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ) အသစ်က သုံးတင်းဝင် တစ်အိတ်ကို ၁၉၀,၀၀၀ မှ ၂၄၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

**မြေပဲ**

မြေပဲကတော့ သြဂုတ်လတတိယပတ်လောက်ကစလို့ ဈေးတွေဆက်တိုက်ကျဆင်းခဲ့တာ ယခုတစ်ပတ်မှာလည်း ဈေးထပ်ကျပါတယ်။

ဈေးကွက်ထဲကို မြေပဲအသစ်တွေ လှိုင်လှိုင်ဝင်ရောက်နေတဲ့အပြင် ဆီစက်တွေကလည်း ဈေးချဝယ်နေတာကြောင့် မြေပဲဈေးကွက် ကျနေတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာ S1 လုံးဆန်က ၈၁၀၀ မှ ၈၅၀၀ ကျပ်၊ မြေပဲအနီလုံးဆန်က ၈၀၀၀ မှ ၈၂၀၀ ကျပ်၊ S1 ဆီဆန်က ၇၀၀၀ မှ ၇၅၀၀ ကျပ်ရှိပါတယ်။ ဒါကြောင့် မြေပဲဆန်ဈေးကွက်က အရင်တစ်ပတ်နဲ့ယှဉ်ရင် တစ်ပိဿာကို အမျိုးအစား နဲ့အရည်အသွေးပေါ်လိုက်ပြီး ၅၀၀ မှ ၇၀၀ ကျပ် ဈေးထပ်ကျသွားပါတယ်။

**ပြောင်း**

ပြောင်းဆန်ဈေးကတော့ ယခုတစ်ပတ်မှာ ရန်ကုန်၊ မန္တလေးဈေးကွက်အားလုံးမှာ ဈေးတန်းငြိမ်လာပါတယ်။


ရှမ်းပြည်နယ်အပါအဝင် ဒေသအများစုမှာ ရေကြီးနစ်မြုပ်မှုဖြစ်ပွားမှုကြောင့် ပြောင်းဆန်တွေ အရောင်းနည်းသွားခြင်း၊ ပြည်တွင်း လက်ကျန်နည်းခြင်း၊ ပြည်တွင်းအစာစပ်စက်ရုံတွေက ဝယ်လိုအားရှိပေမဲ့လည်း ပြည်ပတင်ပို့မှုလျော့သွားလို့ ပြောင်းဆန်ဈေးက ထပ်တက်မလာဘဲ ယခင်အတက်ဈေးတန်းမှာပဲ ငြိမ်နေတာဖြစ်ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၁၇၃၀ မှ ၁၇၅၀ ကျပ်နဲ့ဈေးငြိမ်နေပါတယ်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာလည်း ပြောင်း (ဗမာ) က ၅၄ ပိဿာ တစ်အိတ်ကို ၈၀,၀၀၀ မှ ၈၂,၀၀၀ ကျပ်ရှိပြီး ပြောင်း (CP)နဲ့ ပြောင်း (ရှမ်း) ၅၄ ပိဿာကို ၈၃,၀၀၀ မှ ၈၅,၀၀၀ ကျပ်နဲ့ အရင်အပတ်ကအတိုင်း ဈေးငြိမ် ပါတယ်။

**Source – AMIA**

**Green Way**

## ရေဘေးကြောင့် ကွမ်းခြံတွေပျက်စီးမှုများပြားတဲ့အတွက် ကွမ်းဈေးကျဆင်းမှုမရှိသေး




မန္တလေးအနီးဝန်းကျင်ဒေသတွေမှာ ရေကြီးနစ်မြုပ်မှုတွေကြောင့် ကွမ်းခြံတွေ ပျက်စီးမှုများပြားခဲ့တဲ့အတွက် ဈေးကွက်အတွင်းမှာ ကွမ်းရွက်ဈေးနှုန်းတွေ ဈေးကျဆင်းမှုမရှိဘူးလို့ ကွမ်းကုန်သည်တွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ကျောက်ဆည်၊ တံတားဦး၊ မြစ်သားမြို့နယ်တွေမှာ ရေကြီးနစ်မြုပ်မှုတွေရှိခဲ့ပြီး ကွမ်းခြံပေါင်းရာနဲ့ချီ ရေနစ်မြုပ် ပျက်စီးခဲ့တာဖြစ်ပါတယ်။

" ကွမ်းဈေးကကောင်းနေတုန်းပဲ။ ခြံတွေပျက်တော့ ဈေးကွက်ထဲ ကွမ်းအဝင်နည်းလို့ရှိတာအကုန်လုဝယ်နေရတာ။ ဈေးကကျဖို့ မမြင်သေးဘူး။ ဆက်တောင်တက်မဲ့ အနေအထားရှိတယ်" လို့ အောင်မြေသာစံမြို့နယ်က ကွမ်းကုန်သည်တစ်ဦးက ပြောပါတယ်။

အရင်က အခုလိုရာသီမှာ ကွမ်းရွက်အထွက်နှုန်းများပြားပြီး ဈေးနှုန်းကျဆင်းလေ့ရှိပေမဲ့ လက်ရှိအချိန်မှာတော့ ရေကြီးမှုကြောင့် ကွမ်းအထွက်နှုန်း အမြောက်အမြားကျဆင်းခဲ့တဲ့အတွက် ဈေးနှုန်းတွေမြင့်တက်နေတာဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

လက်ရှိအချိန်မှာ ကွမ်းရွက်တစ်ပိဿာကို ကျပ် ၁၀,၀၀၀ ကနေ ၁၂,၀၀၀ ကြားအထိရှိနေပြီး အရင်က အခုလို ကာလမှာ တစ်ပိဿာကို ကျပ် ၁၈၀၀ ကနေ ၃၀၀၀ ကြားပဲရှိတယ်လို့ ကုန်သည်တွေကဆိုပါတယ်။

အဲဒီအပြင် ကွမ်းသီးအပါအဝင် ကွမ်းနဲ့ဆက်စပ်ပစ္စည်း ဈေးနှုန်းတွေကလည်း မြင့်တက်နေတာကြောင့် ကွမ်းယာဆိုင်တွေအနေနဲ့ အခက်အခဲတွေရှိနေတယ်လို့ သိရပါတယ်။

**Source : Opinion Leaders မှ ကူးယူဖော်ပြပါသည်။**

**https://htwettoe.com/download**

## ကုန်စိမ်းကားများ ပုံမှန်အတိုင်း ဝင်ရောက်နေပြီဖြစ်သည့်အတွက် ကုန်စိမ်းဈေးနှုန်းများ ကျဆင်းလာ

အနယ်နယ်အရပ်ရပ်မှ ကုန်စိမ်းကားများ ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်နေပြီဖြစ်သည့်အတွက် ကုန်စိမ်း ဈေးနှုန်းများ ကျဆင်းလာပြီဖြစ်ကြောင်း တညင်းကုန်းလက်ကားဈေးမှ သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းတွင် ယာဂီမုန်တိုင်းအရှိန်ကြောင့် နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး မြေပြို၍ လမ်းများပျက်စီးခဲ့သည့်အပြင် တံတားများလည်း ကျိုးခဲ့ကြောင်း သိရသည်။

အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရေကြီးရေလျှံမှု အဆိုးရွားဆုံးဖြစ်ခဲ့ပြီး သီးနှံစိုက်ခင်း အများအပြား ပျက်စီးခဲ့ကြောင်း သိရသည်။

" ရေကြီးတဲ့သုံးလေးရက်ကတော့ ကုန်စိမ်းဈေးတွေကတက်သွားတာ။ ဂေါ်ဖီတစ်ထုပ်ကို ၈၀၀၀၊ ၁၀,၀၀၀ ထိ တက်သွားတာ။ အပြင်ဈေးတွေဆိုရင် ပိုဆိုးပေါ့။ ဖရဲတို့ တခြားသီးနှံဈေးတွေဆိုလည်း အကုန်တက်သွားတာ။ အခုတော့ ပုံမှန် အတိုင်း ပြန်လည်ပတ်နေပြီ။ ဈေးတွေလည်းပြန်ကျနေပြီ"ဟု တညင်းကုန်းလက်ကားဈေး မှတာဝန်ရှိသူတစ်ဦးက ပေါ်ပြူလာနယူးစ်သို့ ပြောသည်။

တညင်းကုန်းလက်ကားဈေးကြီးသို့ အနယ်နယ်အရပ်ရပ်မှ ကုန်စိမ်းကားနှင့်သီးနှံကားအစီးရေ ၅၀ နှင့် ၁၀၀ ကြား ဝင်ရောက်ပြီး အခြားတွဲကားများမှာ အစီးရေ ၃၀၀ နှင့် ၅၀၀ ကြားဝင်ရောက်ကြောင်း သိရသည်။

တည်းကုန်းလက်ကားဈေးကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)နှင့် မြန်မာအက်ဂရီအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ မြေအကျယ် ဧက ၈၀ ကျော်တွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## ၂၀၂၄ ခုနှစ် ကမ္ဘာ့အစိမ်းရောင်ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

အာရပ်စော်ဘွားများပြည်ထောင်စု RAS AI Khaimah(RAK) မြို့၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အစိမ်းရောင် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန် သီရိလင်္ကာနိုင်ငံ Chamber of Tourism and Industry မှ ဖိတ်ကြားထားကြောင်း သိရသည်။

ပြပွဲကို သီရိလင်္ကာနိုင်ငံ၊ Chamber of Tourism and Industry Sri Lan-ka (CTISL) နှင့် Ras AI Khaimah Chamber of Commerce and Industry တို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ကုန်သွယ်မှု၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ဘဏ္ဍာလုပ်ငန်းဆိုင်ရာနည်းပညာ (Fin Tech)၊ Blockchain နည်းပညာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများကို လုပ်ငန်းပေါင်း ၂၃၀ ကျော်မှ ပါဝင်ပြသသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲသို့ လူဦးရေ ၁၀၀၀၀ ကျော် လာရောက်ရန် မျှော်မှန်းထားပြီး ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်းဖြင့် နိုင်ငံတကာအတွေ့အကြုံနှင့် နိုင်ငံတကာ အဆက်အသွယ်များရရှိကာ တက်ရောက်လာသည့် ခေါင်းဆောင်များနှင့် တီထွင်သူများ တွေ့ဆုံဆွေးနွေး၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့်အပြင် ဈေးကွက်အမြင်နှင့် စီးပွားရေးချဲ့ထွင်နိုင်မည့် အခွင့်အရေးများရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/

## ပို့ကုန်ရငွေပေးသွင်းရန် ကျန်ရှိသည့် လုပ်ငန်းရှင်များ ယခုနှစ်အတွင်း ပေးသွင်းပါက ၂၅-၇၅ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပြုမည်

ပြည်ပသို့ ပို့ကုန်တင်ပို့ပြီး ရငွေပေးသွင်းရန် ကျန်ရှိသည့် လုပ်ငန်းရှင်များကို ဖြေလျှော့သည့်အနေဖြင့် သတ်မှတ်ထားသည့် ယခုနှစ်ကာလအတွင်း ပေးသွင်းပါက ၂၅-၇၅ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပြုမည်ဖြစ်ကြောင်း ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည်။

ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ရငွေများအပေါ် ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/ ၂၀၂၂) အရ မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်(၃၇/၂၀၂၄) ဖြင့် ပြင်ဆင် သတ်မှတ်ပေးပြီးဖြစ်သည်။

ယခုအခါ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်ရာတွင် ဖြေလျှော့ ပေးသည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ၃ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်အထိ တင်ပို့ခဲ့သည့် ED များအတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အတွင်း ပြန်လည်ပေးသွင်းသော Exporter များအား ၂၅ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်း အချိုးဖြင့် ခံစားခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။

အဆိုပါ သတ်မှတ်ကာလအတွင်း ပြန်လည်ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း ကိုလည်းကောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီဆိုင်ရာစီမံခန့်ခွဲမှု နည်းလမ်းများဖြင့် အရေးယူခြင်း

ကိုလည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းကိုလည်းကောင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်က အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်၍ ပို့ကုန်တင်ပို့သူများအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ၃ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်အထိ တင်ပို့ခဲ့သည့် ပို့ကုန်ရငွေများကို ဖြေလျှော့ပေးထားသည့် ကာလဖြစ်သည့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အတွင်း မပျက်မကွက်ပြန်လည်ပေးသွင်းကြရန် အသိပေးထားသည်။

Source: https://www.popularmyanmar.com/

## ပို့ကုန်ကုလားပဲ ဈေးမြင့်တက်သော်လည်း ပို့ကုန်ပဲများနှင့် အခြား ပဲ၊ နှမ်းများ ပုံမှန်သာ အရောင်းအဝယ်ရှိနေ

ပို့ကုန်ကုလားပဲ ဈေးမြင့်တက်သော်လည်း ပို့ကုန်ပဲများနှင့် အခြား ပဲ၊ နှမ်းများ ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း ပဲကုန်သည်များထံက သိရသည်။

မန္တလေးကုန်စည်ဒိုင်မှ ပွဲစားကုန်သည်များ ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီနေမှုများကြောင့် ပဲ၊ နှမ်းဈေးကွက်တွင် အရောင်းအဝယ်အနည်းငယ် အေးနေခြင်း ဖြစ်သည်။ လာမည့်ဆောင်းစိုက်ရာသီအတွက် ပွဲရုံများက တောင်သူများအတွက် မြေပဲနှင့် ပဲမျိုးစုံ မျိုးစေ့အဝယ်ရှိလာသည်။

ပို့ကုန်ကုလားပဲ V7 တစ်မျိုးသာ ဈေးဆက်လက်မြင့်တက်လာသော်လည်း ကျန်ပို့ကုန်ပဲများနှင့် ပဲမာလိုင်းများမှာ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကုန်စည်ဒိုင်တွင် အရောင်းသမားကလည်း ပုံမှန်သာရှိနေသလို အဝယ်သမားကလည်းအတင်းလိုက်ဝယ်တာမျိုးမရှိ လိုရောင်းလိုဝယ်ဈေးကွက်နဲ့သာ ငွေပေးချေမှုပေါ်မူတည်ပြီး အရောင်းအဝယ်ပုံမှန်တန်းသာရှိနေကြောင်း လက်ရှိအချိန်တွင် ဆောင်းစိုက် ရာသီအတွက် မြေပဲအပါအဝင် ပဲမျိုးစုံ မျိုးဈေးကွက် အရောင်းအဝယ်ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတစ်ဦးမှ ပြောသည်။

" ပဲမျိုးစုံဈေးကွက်က ရေဘေးကူညီရေးတွေ ကူကြသွားကြနဲ့ မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ပုံမှန်သာ ရှိပါတယ်။ပြည်တွင်းသုံး ကုလားပဲတွေကတော့ လိုရောင်းလိုဝယ်လောက်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိ ဈေးကွက် မှာ က အဝယ်သမားကလည်း ပုံမှန်ဝယ်သလို အရောင်းသမားကလည်း အတင်းလိုက်ရောင်း တာမျိုးမရှိဘူး။ ဈေးကွက် တစ်ခု လုံး ခပ်ငြိမ်ငြိမ်လေး ရှိနေပါတယ်။ ငွေပေးချေမှုအပေါ်မှာ မူတည်ပြီး အရောင်းအဝယ် ဖြစ်နေတဲ့ပုံစံမျိုးပါ။ ဒီရက်ပိုင်းမှာ ပွဲရုံတွေက တောင်သူတွေအတွက် ပဲမျိုးစုံမျိုးဝယ်ယူပေးနေတာ တွေ့ရှိလာပါပြီ။ မျိုးဈေးတန်းကတော့ အမြင့်ဈေးတန်း ဖြစ်လာပါတယ်။ ပို့ကုန်ပဲတွေရော ပဲမာလိုင်းတွေရော ဈေးတန်းက ငြိမ်နေပါတယ်" ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၆ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ကျပ် ၃၈၀၀၀၀၊ မတ်ပဲ(ရေသွင်း) တစ်အိတ်လျှင် ကျပ် ၃၈၅,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၀-၄၆၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်း အညာ တစ်အိတ်လျှင် ကျပ် ၂၄၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးမြင့်တက်လာရာ စက်တင်ဘာ ၂၆ ရက် တွင် ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၃၁၃,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၃၆၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၈၃,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အရောင်းအဝယ်ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ကျပ် ၃၀၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀-၄၀၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၃၆၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၄၀၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၅၅၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၀၀၀- ၈၂၀၀၊ မျိုးမြေပဲ ၈၄၀၀-၈၅၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းမြေပဲဆန်ဈေးကွက်မှာ အထက်အောက် မြေပဲဆန်များ မန္တလေးဈေးကွက်တွင် အဝင်ဆိုနေသောကြောင့် အနည်းငယ် ဈေးကျဆင်းသလို ပြည်တွင်း ပဲဆီဈေးနှုန်းလည်း လိုက်ပါကျဆင်းနေခြင်း ဖြစ်သည်။

စက်တင်ဘာ ၂၆ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပုံမှန်သာရှိနေရာ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၁၅,၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၅၅,၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၉၀,၀၀၀-၆၀၀,၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ကျပ် ၆၅၀,၀၀၀-၆၈၀,၀၀၀ အသီးသီး ပေါက်ဈေး ရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ဖိလစ်ပိုင်-ကိုရီးယား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် ၂၀၂၄ ခုနှစ်အတွင်း သက်ဝင်နိုင်ရန် မျှော်မှန်းထား

ဖိလစ်ပိုင်-ကိုရီးယားလွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် Free Trade Agreement – FTA သည် ယခု ၂၀၂၄ ခုနှစ်အတွင်း အကျိုးသက်ရောက်နိုင်ရန် မျှော်လင့်ပါကြောင်းနှင့် ကိုရီးယားနိုင်ငံဘက်မှ သဘောတူညီလက်မှတ်ရေးထိုးမည့် လုပ်ငန်းစဉ်မှာ ကိုရီးယားအမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရရှိရန် စောင့်ဆိုင်းနေရဆဲဖြစ်သဖြင့် မပြီးပြတ်သေးသည့်အတွက် ဆိုင်းငံ့ထားနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမှ သဘောတူညီလက်မှတ်ရေးထိုးသည့်လုပ်ငန်းစဉ် အပြီးသတ်ထားပြီဖြစ်သဖြင့် ကိုရီးယားနိုင်ငံမှ သဘောတူညီလက်မှတ်ရေးထိုးမည့်လုပ်ငန်းစဉ်ပြီးသည်နှင့် ၂၀၂၄ ခုနှစ်အတွင်း စာချုပ်အသက်ဝင်မည် ဖြစ်ပါသည်။ ကိုရီးယားနိုင်ငံသမ္မတ Yoon Suk Yeol သည် လာမည့် အောက်တိုဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်မည့် ခရီးစဉ်လည်း ရှိကြောင်း သိရှိရသဖြင့် ဖိလစ်ပိုင်-ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်စာချုပ် အချိန်မီ လက်မှတ်ရေးထိုးသွားနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံမှ ကိုရီးယားနိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှုသည် အဓိကကဏ္ဍတွင် ပါဝင်သဖြင့် FTA လက်မှတ် ရေးထိုးနိုင်မည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံအတွက် အကျိုးအမြတ်ဖြစ်စေနိုင်ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ကိုရီးယားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ တတိယအကြီးဆုံး ငှက်ပျောသီးတင်ပို့ခဲ့သည့် နိုင်ငံတစ်ခုဖြစ်ခဲ့ပြီး စုစုပေါင်း ငှက်ပျောသီးတင်ပို့မှု၏ ၁၃ ရာခိုင်နှုန်း ၊ အမေရိကန်ဒေါ်လာ ၁၆၄ ဒသမ ၅၄ သန်း ရရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ပထမ ၆ လပတ်တွင်လည်း ကိုရီးယားနိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၅၈ သန်းရရှိခဲ့ပြီး ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်-ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန် ဖိလစ်ပိုင်လွှတ်တော်မှ ၂၃-၉-၂၀၂၄ ရက်က သဘောတူညီခဲ့ပြီး အဆိုပါ FTA တွင် တောင်ကိုရီးယားနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ တင်သွင်းမည့် ကုန်ပစ္စည်း များအတွက် အခွန်သက်သာခွင့် ၉၆ ဒသမ ၅ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံသို့ တင်ပို့မည့်ကုန်ပစ္စည်းများအတွက် အခွန်သက်သာခွင့် ၉၄ ဒသမ ၈ ရာခိုင်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလက လက်မှတ်ရေးထိုးခဲ့ပြီးသည့် FTA အရ စိုက်ပျိုးရေးပစ္စည်းများထဲရှိ ကုန်စည်လိုင်း ၁၅၃၁ လိုင်းအတွက် အခွန်သက်သာခွင့်ရရှိထားခဲ့ပြီး ယခု FTA အတည်ပြုအသက်ဝင်သွားမည်ဆိုပါက နောက်ထပ် ကုန်စည်လိုင်း ၁၄၁၇ လိုင်း ထပ်မံရရှိမည်ဖြစ်သည်။ ထို့ပြင် စက်မှုပစ္စည်းများထဲမှ ကုန်စည်လိုင်း ၉၉၀၀ အတွက်လည်း အခွန်သက်သာခွင့်ရရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source : ( စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (27.9.2024)



## Stock trading data

As of 27th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,048 (Shares) | 5,917,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,700 | 8,800 | 8,700 | 64 | 557,300 | 33,109,694 | 291,365 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,450 | 3,450 | 3,450 | 730 | 2,518,500 | 38,929,150 | 134,306 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 20 | 180,000 | 10,400,986 | 93,609 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 60 | 117,000 | 29,664,613 | 57,846 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 51 | 150,450 | 12,823,224 | 37,829 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 865 | 1,476,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 27 | 121,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 231 | 796,950 | 23,804,946 | 82,127 |

ysx-mm.com/main-board/mktdata/market-summary/

YANGON STOCK EXCHANGE
Home | About YSX | Main Board (MB) | Pre Listing Board (PLB)
Home > Main Board > Market Data > Market summary


## Market summary

As of 27th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 413.15 | +3.65 | +0.89% | 409.50 | 413.15 | 409.50 | 2,048 | 5,917,700 | 8 | 779,281 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 2,048 (Shares) | 5,917,700 (MMK) |

### Main Board

As of 1:00 pm, 27th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,048 (Shares) | 5,917,700 (MMK) |

| MYANPIX | 413.15 ▲ 3.65 |
|---|---|
| Total Volume (shares) | 2,048 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 779,281 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |